


## အဲရစ်ဂါစီယာအား ခေါ်ယူရန် ပီအက်စ်ဂျီအသင်း စိတ်ဝင်စား

**ပါရီ နိုဝင်ဘာ ၇**

ပီအက်စ်ဂျီအသင်းသည် ဘာစီလိုနာအသင်း နောက်ခံကစားသမား အဲရစ်ဂါစီယာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။


အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၈ ပွဲကစားပြီး ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နောက်ခံကစားသမား အဲရစ်ဂါစီယာ ကိုယ်တိုင်ကလည်း လက်ရှိအချိန် ဘာစီလိုနာအသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းထံမှ အဲရစ်ဂါစီယာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)




## ကြွက်သားဒဏ်ရာကြောင့် ချူယာမန်နီ သုံးပတ် ဝန်းကျင်အထိ အနားယူရမည်

**မက်ဒရစ် နိုဝင်ဘာ ၇**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ခံစစ်ကစားသမား ချူယာမန်နီသည် ကြွက်သားဒဏ်ရာကြောင့် သုံးပတ် ဝန်းကျင်အထိ အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ခံစစ်ကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက လီဗာပူးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ခံစစ်ကစားသမား ချူယာမန်နီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ခံစစ်ကစားသမား ချူယာမန်နီသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၁ ပွဲ ကစားပြီး ငါးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။(အောက်ပုံ)(NGB)




## နည်းပြ ဟိုက်တင်ဂါကို နည်းပြရာထူးမှ အေဂျက်စ်အသင်း ထုတ်ပယ်

**လန်ဒန် နိုဝင်ဘာ ၇**

အေဂျက်စ်အသင်းသည် လက်ရှိအချိန်တွင် ရလဒ်များ ဆိုးရွားနေခြင်းကြောင့် နည်းပြ ဟိုက်တင်ဂါကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အေဂျက်စ်အသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဂါလာတာစာရေးအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ ဟိုက်တင်ဂါကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဟိုက်တင်ဂါသည် အေဂျက်စ်အသင်းကို ၂၀၂၅ခုနှစ် မေ ၃၁ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၅ ပွဲတွင် ငါးပွဲနိုင်၊ ငါးပွဲသရေ၊ ငါးပွဲရှုံးရလဒ် ပိုင်ဆိုင်ထားသည်။ **(အပေါ်ပုံ)**




အေဂျက်စ်အသင်း၏ ထုတ်ပြန်ချက်တွင်"နည်းပြ ဟိုက်တင်ဂါကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**

## 2025 Moselle Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Lorenzo Sonego တက်ရောက်

**မက်စ် နိုဝင်ဘာ ၇**

ပြင်သစ်နိုင်ငံ၊ မက်ဇ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Moselle Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အီတလီတင်းနစ်ကစားသမား Lorenzo Sonego တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Lorenzo Sonego သည် 2025 Moselle Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Daniel Altmaier ကို ၆-၄၊ ၇-၅ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2025 Moselle Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Lorenzo Sonego နှင့် ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Cameron Norrie တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## ဘောလုံး သတင်း အတိုအထွာများ

* မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းသည် ချန်ပီယံလိဂ် သမိုင်းတစ်လျှောက်တွင် မတူညီသည့်အသင်းသုံးသင်းနှင့် ချန်ပီယံလိဂ် ငါးပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

* အာဆင်နယ်အသင်းသည် အသင်းခေါင်းဆောင် အိုဒီဂတ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၈၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။ (NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၁၁-၂၀၂၅ | (၆)စပါး - မန်ယူ(၈) | စပါး ၁-၀ မန်ယူ | စပါး(အိမ်) | ၅ | ၁ | ၁ | ၃ | ၅ | ၅ |
| ည ၇:၃၀ နာရီ | (D,W,L,W,L) (L,W,W,W,D) | မန်ယူ ၀-၃ စပါး | မန်ယူ(ဧည့်) | ၅ | ၁ | ၂ | ၂ | ၆ | ၁၀ |
| ၈-၁၁-၂၀၂၅ | (၁၄)အဲဗာတန် - ဖူလ်ဟမ်(၁၅) | အဲဗာတန် ၁-၁ ဖူလ်ဟမ် | အဲဗာတန်(အိမ်) | ၅ | ၂ | ၂ | ၁ | ၅ | ၅ |
| ည ၉:၃၀ နာရီ | (D,W,L,L,D) (L,L,L,L,W) | ဖူလ်ဟမ် ၁-၃ အဲဗာတန် | ဖူလ်ဟမ်(ဧည့်) | ၅ | - | ၁ | ၄ | ၄ | ၁၁ |
| ״ | (၁၈)ဝက်စ်ဟမ်း - ဘန်လေ(၁၇) | ဝက်စ်ဟမ်း ၂-၂ ဘန်လေ | ဝက်စ်ဟမ်း(အိမ်) | ၅ | ၁ | - | ၄ | ၅ | ၁၃ |
| | (D,L,L,L,W) (L,L,W,W,L) | ဘန်လေ ၁-၂ ဝက်စ်ဟမ်း | ဘန်လေ(ဧည့်) | ၅ | ၁ | - | ၄ | ၇ | ၁၅ |
| ၉-၁၁-၂၀၂၅ | (၄)ဆန်းဒါးလန်း - အာဆင်နယ်(၁) | ဆန်းဒါးလန်း ၁-၄ အာဆင်နယ် | ဆန်းဒါးလန်း(အိမ်) | ၅ | ३ | ၂ | - | ၉ | ३ |
| နံနက် ၀၀:၀၀ နာရီ | (W,L,W,W,D) (W,W,W,W,W) | အာဆင်နယ် ၂-၀ ဆန်းဒါးလန်း | အာဆင်နယ်(ဧည့်) | ၅ | ၄ | - | ၁ | ၆ | ၂ |
| ၉-၁၁-၂၀၂၅ | (၇)ချဲလ်ဆီး - ဝုဗ်(၂၀) | ချဲလ်ဆီး ၃-၁ ဝုဗ် | ချဲလ်ဆီး(အိမ်) | ၅ | ၂ | ၁ | ၂ | ၆ | ၆ |
| နံနက် ၀၂:၃၀ နာရီ | (L,W,W,L,W) (D,D,L,L,L) | ဝုဗ် ၂-၆ ချဲလ်ဆီး | ဝုဗ်(ဧည့်) | ၅ | - | ၁ | ၄ | ၁ | ၈ |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၁၁-၂၀၂၅ | (၂)မာဆေး - ဘရက်(၁၃) | မာဆေး ၄-၁ ဘရက် | မာဆေး(အိမ်) | ၅ | ၄ | ၁ | - | ၁၈ | ၆ |
| ည ၁၀:၃၀ နာရီ | (W,W,L,D,W) (D,D,L,L,D) | ဘရက် ၁-၅ မာဆေး | ဘရက်(ဧည့်) | ၅ | ၁ | ၁ | ३ | ၆ | ၉ |
| ၉-၁၁-၂၀၂၅ | (၁၂)လီဟာဗာ - နန့်တက်စ်(၁၅) | လီဟာဗာ ३-၂ နန့်တက်စ် | လီဟာဗာ(အိမ်) | ၅ | ၂ | ၂ | ၁ | ၈ | ၆ |
| နံနက် ၀၀:၃၀ နာရီ | (D,L,W,W,D) (D,L,W,L,L) | နန့်တက်စ် ၀-၂ လီဟာဗာ | နန့်တက်စ်(ဧည့်) | ၅ | ၁ | ၂ | ၂ | ၄ | ၅ |
| ၉-၁၁-၂၀၂၅ | (၅)မိုနာကို - လန်းစ်(၃) | မိုနာကို ၁-၁ လန်းစ် | မိုနာကို(အိမ်) | ၆ | ၄ | ၁ | ၁ | ၁၄ | ၈ |
| နံနက် ၀၂:၄၅ နာရီ | (D,D,W,W,L) (W,W,W,L,W) | လန်းစ် ၄-၀ မိုနာကို | လန်းစ်(ဧည့်) | ၅ | ၂ | ၁ | ၂ | ၄ | ၆ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၁၁-၂၀၂၅ | (၂၀)ဂျီရိုနာ - အလာဗက်စ်(၈) | ဂျီရိုနာ ၀-၁ အလာဗက်စ် | ဂျီရိုနာ(အိမ်) | ၆ | ၁ | ၂ | ३ | ၆ | ၁३ |
| ည ၇:၃၀ နာရီ | (D,W,L,D,L) (L,W,D,L,W) | အလာဗက်စ် ၀-၁ ဂျီရိုနာ | အလာဗက်စ်(ဧည့်) | ၅ | ၁ | ၁ | ३ | ၂ | ၄ |
| ၈-၁၁-၂၀၂၅ | (၁၃)ဆီဗီလာ - အိုဆာဆူနာ(၁၅) | ဆီဗီလာ ၁-၁ အိုဆာဆူနာ | ဆီဗီလာ(အိမ်) | ၅ | ၁ | ၁ | ३ | ၉ | ၁၀ |
| ည ၉:၄၅ နာရီ | (W,W,L,L,L) (L,W,L,L,D) | အိုဆာဆူနာ ၁-၀ ဆီဗီလာ | အိုဆာဆူနာ(ဧည့်) | ၆ | - | ၁ | ၅ | ၁ | ၇ |
| ၉-၁၁-၂၀၂၅ | (၄)အက်သလက်တီကို - လီဝန့်တေး(၁၆) | အက်သလက်တီကို ၀-၁ လီဝန့်တေး | အက်သလက်တီကို(အိမ်) | ၆ | ၅ | ၁ | - | ၁၅ | ၅ |
| နံနက် ၀၀:၀၀ နာရီ | (W,D,W,W,W) (D,W,L,D,L) | လီဝန့်တေး ၀-၂ အက်သလက်တီကို | လီဝန့်တေး(ဧည့်) | ၆ | ၂ | ၂ | ၂ | ၉ | ၆ |
| ၉-၁၁-၂၀၂၅ | (၆)အက်စ်ပန်ညို - ဗီလာရီးရဲလ်(၃) | အက်စ်ပန်ညို ၁-၂ ဗီလာရီးရဲလ် | အက်စ်ပန်ညို(အိမ်) | ၆ | ၄ | ၁ | ၁ | ၁၀ | ၇ |
| နံနက် ၀၂:၃၀ နာရီ | (D,L,W,W,L) (W,L,D,W,W) | ဗီလာရီးရဲလ် ၁-၀ အက်စ်ပန်ညို | ဗီလာရီးရဲလ်(ဧည့်) | ၅ | ၂ | ၁ | ၂ | ၆ | ၇ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၁၁-၂၀၂၅ | (၇)ကိုမို - ကယ်ဂလီယာရီ(၁၄) | ကိုမို ३-၁ ကယ်ဂလီယာရီ | ကိုမို(အိမ်) | ၅ | ३ | ၂ | - | ၉ | ३ |
| ည ၈:၃၀ နာရီ | (D,W,D,W,D) (D,L,D,L,L) | ကယ်ဂလီယာရီ ၁-၁ ကိုမို | ကယ်ဂလီယာရီ(ဧည့်) | ၅ | ၁ | ၂ | ၂ | ၅ | ၇ |
| ״ | (၁၅)လက်ချီ - ဗီရိုနာ(၁၉) | လက်ချီ ၁-၀ ဗီရိုနာ | လက်ချီ(အိမ်) | ၅ | - | ၂ | ३ | ३ | ၇ |
| | (W,D,L,L,W) (L,D,D,L,L) | ဗီရိုနာ ၁-၁ လက်ချီ | ဗီရိုနာ(ဧည့်) | ၅ | - | ၂ | ३ | ၂ | ၁၀ |
| ၈-၁၁-၂၀၂၅ | (၆)ဂျူဗင်တပ် - တိုရီနို(၁၃) | ဂျူဗင်တပ် ၂-၀ တိုရီနို | ဂျူဗင်တပ်(အိမ်) | ၅ | ३ | ၂ | - | ၁၀ | ၅ |
| ည ၁၁:၃၀ နာရီ | (D,L,L,W,W) (D,W,W,D,D) | တိုရီနို ၁-၁ ဂျူဗင်တပ် | တိုရီနို(ဧည့်) | ၅ | ၁ | ၂ | ၂ | ၅ | ၁၀ |
| ၉-၁၁-၂၀၂၅ | (၁၆)ပါးမား - အေစီမီလန်(၃) | ပါးမား ၂-၁ အေစီမီလန် | ပါးမား(အိမ်) | ၅ | ၁ | ၂ | ၂ | ၄ | ၆ |
| နံနက် ၀၂:၄၅ နာရီ | (L,D,D,L,L) (D,W,D,D,W) | အေစီမီလန် ३-၂ ပါးမား | အေစီမီလန်(ဧည့်) | ၄ | ၂ | ၂ | - | ၆ | ၁ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၁၁-၂၀၂၅ | (၅)လေဗာကူဆင် - ဟိုင်ဒင်ဟိမ်း(၁၈) | လေဗာကူဆင် ၅-၂ ဟိုင်ဒင်ဟိမ်း | လေဗာကူဆင်(အိမ်) | ၅ | ३ | ၁ | ၁ | ၉ | ၄ |
| ည ၉:၀၀ နာရီ | (W,W,W,W,L) (W,L,D,L,D) | ဟိုင်ဒင်ဟိမ်း ၀-၁ လေဗာကူဆင် | ဟိုင်ဒင်ဟိမ်း(ဧည့်) | ၄ | - | - | ၄ | ၂ | ၈ |
| ״ | (၁၃)ဟမ်းဘတ် - ဒေါ့မွန်(၃) | ဟမ်းဘတ် ၀-३ ဒေါ့မွန် | ဟမ်းဘတ်(အိမ်) | ၄ | ၂ | - | ၂ | ၆ | ၄ |
| | (D,W,L,L,L) (W,D,L,W,W) | ဒေါ့မွန် ၂-၀ ဟမ်းဘတ် | ဒေါ့မွန်(ဧည့်) | ၅ | ३ | ၁ | ၁ | ၉ | ၅ |
| ״ | (၆)ဟော့ဖန်ဟိမ်း - လိုက်ပဇစ်(၂) | ဟော့ဖန်ဟိမ်း ၄-३ လိုက်ပဇစ် | ဟော့ဖန်ဟိမ်း(အိမ်) | ၄ | ၁ | - | ३ | ၅ | ၉ |
| | (D,L,W,W,W) W,D,W,W,W) | လိုက်ပဇစ် ३-၁ ဟော့ဖန်ဟိမ်း | လိုက်ပဇစ်(ဧည့်) | ၅ | ३ | ၁ | ၁ | ၉ | ၇ |
| ״ | (၁၀)ယူနီယံဘာလင် - ဘိုင်ယန်မြူးနစ်(၁) | ယူနီယံဘာလင် ၁-၁ ဘိုင်ယန်မြူးနစ် | ယူနီယံဘာလင်(အိမ်) | ၅ | ၂ | ၂ | ၁ | ၇ | ၆ |
| | (D,L,W,L,D) (W,W,W,W,W) | ဘိုင်ယန်မြူးနစ် ३-၀ ယူနီယံဘာလင် | ဘိုင်ယန်မြူးနစ်(ဧည့်) | ၄ | ၄ | - | - | ၁३ | ३ |
| ၉-၁၁-၂၀၂၅ | (၁၆)ဂလာဘတ် - ကိုလုံး(၇) | ဂလာဘတ် ३-३ ကိုလုံး | ဂလာဘတ်(အိမ်) | ၅ | - | ၂ | ३ | ၄ | ၁३ |
| နံနက် ၀၀:၀၀ နာရီ | (L,D,L,L,W) (L,W,D,L,W) | ကိုလုံး ३-၁ ဂလာဘတ် | ကိုလုံး(ဧည့်) | ၅ | ၂ | ၁ | ၂ | ၆ | ၇ |

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းရာ ယနေ့နံနက်ပိုင်းက အလှူရှင် Millcon Thiha ကုမ္ပဏီလီမိတက်က အလှူငွေကျပ်သိန်း(၅၀၀)ကို ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးသင့်နေရာများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**






- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၂၅ ခုနှစ် သုတေသနစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၂၅ ခုနှစ် သုတေသန စကားဝိုင်း Research-oriented Round-table Discussion for Foreign Language and Social Learning and Teaching Trends in the 21th Century ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို အောင်မြေသာစံမြို့နယ်ရှိ အဆိုပါတက္ကသိုလ် သီရိရတနာခန်းမ၌ အောက်တိုဘာ ၅ ရက်နှင့် အောက်တိုဘာ ၆ ရက်တို့တွင် ကျင်းပခဲ့သည်။

အဆိုပါ သုတေသနစကားဝိုင်းဆွေးနွေးပွဲတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဌာနမှူးများ၊ စီမံအရာရှိများ၊ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲ၌ ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။



အဆိုပါ သုတေသန စကားဝိုင်းဆွေးနွေးပွဲကို ၂ ရက်တာ ကျင်းပခဲ့ရာ အုပ်စု(A)၊ (B)၊ (C) ခွဲ၍ အောက်တိုဘာ ၅ ရက်တွင် အုပ်စု(A)နှင့် အုပ်စု(B) အဖွဲ့၊ အောက်တိုဘာ ၆ ရက်တွင် အုပ်စု(C)အဖွဲ့တို့ဖြင့် သုတေသနစကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပခဲ့ပြီး သုတေသနစကားဝိုင်း ဆွေးနွေးပွဲရလဒ်များကို အုပ်စုအလိုက် ဦးဆောင်ဆွေးနွေးသူများက တင်ပြခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**

## အထက်တန်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆက်လက်ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အကြို ပြိုင်ပွဲအဖြစ် ယနေ့ နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန၌ အထက်တန်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ဆက်လက်ကျင်းပသည်။

အထက်တန်းအဆင့်ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၌ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများဖြစ်သည့် အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကျောင်းသားငါးဦး၊ ကျောင်းသူငါးဦး၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားနှစ်ဦး၊ ကျောင်းသူသုံးဦး၊ ရွှေပညာသစ် (ကိုယ်ပိုင်အထက်တန်းကျောင်း)မှ ကျောင်းသူငါးဦး၊ အ·ထ·က (ဆူးလေကုန်း)မှ ကျောင်းသူ ငါးဦး၊ အ·ထ·က (ဟံမြင်မိုရ်)မှ ကျောင်းသားသုံးဦး၊ ကျောင်းသူ နှစ်ဦး၊ အ·ထ·က(၂)မှ ကျောင်းသားသုံးဦး၊ ကျောင်းသူနှစ်ဦး၊ အ·ထ·က (၃)မှ ကျောင်းသား တစ်ဦး၊ ကျောင်းသူလေးဦး၊ အ·ထ·က (၁)မှ ကျောင်းသားနှစ်ဦးနှင့် ကျောင်းသူ ငါးဦး၊ မဟာပျိုးခင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသူ ငါးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။



အထက်တန်းအဆင့်ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ထူးချွန်သူများအား ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆု နှစ်ဆုများရွေးချယ်၍ နိုဝင်ဘာ ၁၉ ရက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပပြုလုပ်သွားမည့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

၀-၀-၀-၀-၀

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ရက်ကန်းသင်တန်းဖွင့်ပွဲ ကျင်းပ

**ကန့်ဘလူ နိုဝင်ဘာ ၇**

ဒေသတွင်း လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ရက်ကန်းသင်တန်း ဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက အမှတ်( ၅)ရပ်ကွက်ရှိ စိန်နဒီရက်ကန်းရုံ၌ ကျင်းပသည်။



ရှေးဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးခိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ခိုင်က သင်ထောက်ကူ ပစ္စည်းများ ပေးအပ်ပြီး သင်တန်းနည်းပြဆရာမ ဒေါ်နှင်းယုကျော်က သင်တန်းတွင် သင်ကြားပေးမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသူ ၁၀ ဦးတက်ရောက်ကြပြီး သင်တန်းကာလ ၄၅ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက်ကန်းသင်တန်း၊ ဆံကေသာ အလှပြင်သင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ အခြေခံစက်ချုပ်နည်းသင်တန်း၊ လက်သမားသင်တန်း၊ ပလတ်စတစ်ခြင်းရက်လုပ်နည်းသင်တန်း၊ ဝါးခမောက်သင်တန်း၊ ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်း စသည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း(၃၅)ကြိမ်ဖွင့်လှစ်ခဲ့ရာ သင်တန်းသားသင်တန်းသူ (ယခုရက်ကန်းသင်တန်း အပါအဝင်) ၅၉၈ ဦးတို့ကို သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့ ကိုးပင်ကျေးရွာအုပ်စု၊ သရက်-မင်းတုန်းကားလမ်းဘေး (ဦးချိုစက်သုံးဆီဆိုင်)အား နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာအဖွဲ့များက မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်ကြစဉ်။ **(ကဆ)**



# 'အိုဘယ့်ချင်းမိုင် (၁၄)'

**'နန်းတော်ဗိမာန်၏ အပြင်မြင်ကွင်း'**

နန်းတော်ဗိမာန်သည် ထောင့်မှန်စတုဂံပုံ အလျား ပေ ၂၀၀ ခန့်၊ အနံ ပေ ၁၈၀ ခန့်ဟု မှန်းဆရ၏။ လေးဘက်လေးတန်၌ ရှေးမြန်မာ ဘုန်းတော်ကြီးကျောင်းများကဲ့သို့ သရက်ကင်း လှေကားများရှိ၏။ သို့သော် ယဉ်ကျေးမှုလက်ရာ ချင်း မတူချေ။

နန်းတော်ဗိမာန်ကား နှစ်ထပ်ဆောင်ဖြစ်၏။ ပထမထပ်သို့ အရှေ့ဘက်ရှိ နီညိုရောင် ဆေးသုတ်ထားသော အုတ်လှေကားမှ တက်ခဲ့၏။ လှေကားထစ်များသည် အထစ်သုံးဆယ်ခန့်ရှိ၍ ပေသုံးဆယ်ခန့် ကျယ်ဝန်းသည်။ လှေကား၏ တစ်ဖက်တစ်ချက်၌ အဖြူရောင်ဆေးခြယ်ထားသော လှေကားနံရံသည် နှစ်ထပ်စီဖြစ်၍ လေးပေခန့်ခြားကာ အပြိုင်တည်ရှိသည်။

(ပုံကိုကြည့်ပါ။)

လှေကားနံရံတို့၏ အပေါ်ဘက်ထိပ်၌ ဘုံသုံးဆင့်ပါ အင်္ဂတေမီးအိမ်ကို ရိုးရာအနုပညာ အင်္ဂတေ ပန်းလက်ရာဖြင့် တန်ဆာဆင်ထား၏။ လှေကားတို့၏ အခြေတစ်ဖက်တစ်ချက်၌ မတ်ရပ်ပုံ ခြင်္သေ့ရုပ်တုနှစ်ခု ရှိလေ၏။ မြေညီထပ်ဗိမာန်၏ အခြေသည် ခိုင်ခံ့သော အင်္ဂတေဖောင်ဒေးရှင်းဖြစ်၍ တုတ်ခိုင်သော အင်္ဂတေတိုင်များဖြင့် ပထမထပ်ကို ထောက်ကန်ထား၏။ ပထမထပ်ရှိ ကပြင်လှေကားမှတစ်ဆင့် နန်းတော်ဆောင် ဒုတိယထပ်သို့ တက်နိုင်၏။ လှေကားဝ၏ တစ်ဖက်တစ်ချက်တွင် တင်းပုတ်ထမ်း ဘီလူးကြီးနှစ်ကောင်က ထိုင်လျက် အနေအထားဖြင့် စောင့်နေ၏။ တစ်ကောင်က ညာလက်ဖြင့် တင်းပုတ်ကို ပခုံးပေါ်ထမ်းလျက် တစ်ကောင်က ဘယ်လက်ဖြင့် တင်းပုတ်ကို ရင်ဝယ်ပိုက်လျက်။

နန်းတော်ဆောင် ကပြင်၏ လက်ရမ်းတိုင်များသည် ပန်းပွတ်လက်ရာတိုင်လုံးများဖြစ်၍ ထိပ်ဘက်မှာ လုံးချောအချွန်ဖြစ်၏။ သစ်ပေါင်ကွပ်ထားသော အကာတို့သည်လည်း ကျွန်းပန်းပွတ်လက်ရာများဖြစ်၏။ အမြင့်နှစ်ပေခွဲခန့်ရှိ၍ နီညိုရောင် ဆေးသုတ်ထားသည်။ လှေကား၏ ထိပ်တွင် ပန်းဆယ်မျိုး အနုပညာလက်ရာမြောက် ကျွန်းတံခါးကြီးကို တွေ့ရသည်။

**'နန်းတော်ဆောင်ဝန်းကျင်'**

နန်းတော်ဆောင် ကပြင်မှ အနောက်ဘက်သို့ မျှော်ကြည့်သော် ပေ ၁၅၀ ခန့်ရှည်သော နီညိုရောင် သစ်သားတံတားရှည်ကို တွေ့ရသည်။ ထိုတံတားသည် စိမ်းလဲ့ညိုမှောင်သော ထန်းတောအုပ်ဆီသို့ ဦးတည်နေသည်။ ထို့ပြင် နန်းတော်ဆောင်ဝန်းကျင်၌ စိမ်းစိုသော မြက်ခင်းများ၊ သေသပ်လှပသော ပုဏ္ဍရိက်တန်း၊ စေတီ၏ ထီးပုံသဏ္ဌာန်ဖော်ထားသော ပင်လယ်ကဗွီးပင်များ၊ နှစ်ရှည်ပင်ကြီးများ၊ ခပ်လှမ်းလှမ်းရှိ မှိုင်းညို့ညို့ ထန်းတောအုပ်တို့နှင့် စိမ်းစိမ်းစိုစိုရှိနေ၏။

နန်းတော်ဆောင်၏ အထက်ပိုင်းသည် လန်နယဉ်ကျေးမှုဟန် ဘုံသုံးဆင့်ပါ အမိုးတို့က အနည်းငယ်ကော့လန်လျက်၊ သရက်ကင်းပုံ ပန်းဆွဲများက ကိုယ်ပိုင်ဟန်ကို ဖော်ကျူးလျက်၊ အမိုး၏ ထောင့်စွန်းတို့တွင် လှပသော ဒေါင်းရင်ဘတ်များဖြင့် တန်ဆာဆင်လျက်၊ အမြင့်ဆုံး ဘုံဆင့်အမိုး၏ အလယ်တွင် ထီးတိုင်ထူလျက် (မြန်မာနိုင်ငံ ရှမ်းအရှေ့ဒေသ၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ တာချီလိတ်ဒေသ လီရှမ်းလူမျိုးတို့၏ ဗုဒ္ဓဘာသာ ဂန္ဓကုဋိတိုက်တော်၏ အမိုးများသည် ဤနန်းတော်ဆောင်၏ အမိုးကဲ့သို့



ချင်းမိုင်မြို့ တော်ဝင်ဗိမာန် (Royal Ravilian)။

တန်ဆာဆင်ကြသည်ကို တွေ့ရသည်။ ဤကား လန်နယဉ်ကျေးမှု ကူးစက်ခြင်း၏ ပြယုဂ်တစ်ခုပင် ဖြစ်သည်။)စကားချပ်။

နန်းတော်ဆောင်၏ တောင်ဘက်တွင် ပေ ၂၀၀ ခန့်ရှည်၍ ပေ ၁၅၀ ခန့်ကျယ်သော ရေကန်သည် စိမ်းစိုသော မြက်ခင်းပြင် အလယ်၊ လှပသော ကညာပျိုတစ်ဦး လဲလျောင်း၍ ဦးခေါင်းကို လက်ထောက်ကာ ဓာတ်ပုံရိုက်ခံနေသကဲ့သို့ ရှိလေ၏။ ရေကန်၏ ဝန်းကျင်၌ နှစ်ရှည်ပင်များ၊ အုန်းပင်များ၊ လှပစွာ ပုံဖော်ထားသော ပန်းခင်းများ၊ စိမ်းလဲ့လဲ့မြက်ခင်းပြင်တို့ကြောင့် တာဝတိံသာ နတ်တို့ပြည်မှ နန္ဒာကန်အလား ထင်မှတ်မှားရပြန်သည်။ ဤတော်ဝင်ဥယျာဉ်ကြီးအတွင်း၌ပင် ပန်းမျိုးစုံဥယျာဉ်၊ သစ်ခွဥယျာဉ်၊ ကန္တာရပင်များ ဥယျာဉ်၊ ဂန္ဓမာဥယျာဉ် စသည့်ဥယျာဉ်ငယ်များ၊ လိပ်ကျောခွံသဏ္ဌာန် ပုံဖော်ထားသော မြက်ခင်းများ၊ ပိန်းပန်း၊ လေးနာရီပန်း၊ စက္ကူပန်း၊ ကတ္တီပါ ပန်းအပြင် ထားဝယ်မှိုင်းကဲ့သို့သော နွယ်ပင်များ၊ မြေပြန့်တွင်သာမက တောင်ကမူငယ်များ၌ပါ အလှဆင်ထားသော မြေယာရှုခင်းများ၊ ကျောက်တောင်များမှ စီးကျနေသော ရေတံခွန်များ၊ ဂမုန်းပင်များနှင့် ခရမ်း၊ အပြာ၊ မဲနယ်၊ အနီ၊ အဝါ၊ အဖြူ စသည့် ရောင်စုံပန်းခင်းများ …။ ဤသို့ သဘာဝနှင့် ဖန်တီးမှုအနုပညာပေါင်းစပ်မှုက စာသ၍ မကုန်နိုင်အောင် ဖြစ်ရလေ၏။

ဤသို့ဖြင့် သည်ဥယျာဉ်ကြီးနှင့်ပတ်သက်၍ ကျွန်တော်၏ အဆိုနှင့် နီးကပ်စွာ မှတ်ချက်ပြုထားသော ကမ္ဘာလှည့်တစ်ဦး၏ အမြင်ကို ဖော်ပြရလျှင် -

Love and variety of flowers and now the park is persectly kept flowers.

"နှစ်သက်မြတ်နိုးဖွယ်ကောင်းသော ပန်းမျိုးစုံတို့နှင့် ပြည့်စုံ၍ မျက်မှောက်ကာလတိုင် အပြည့်စုံဆုံး ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သော ပန်းဥယျာဉ်ကြီးပါ"တဲ့။

ယခုမူ ထိုင်းပြည်သူတို့၏ နှလုံးအိမ်ထဲက နဝမမြောက် ရာမဘုရင်ကြီးသည် တမလွန်သို့ ပြောင်းကာ နတ်ရွာစံခဲ့ပါပြီ။ သို့သော် ဤအထိမ်းအမှတ် နန်းတော်အဆောက်အအုံသည် ချင်းမိုင်မြို့၏ နတ်ရွာတမျှ တင့်တယ်ခမ်းနားသော သဘာဝအလှတရားနှင့် လူတို့၏ ဖန်တီးမှုအနုပညာ ပေါင်းစပ်ထားသော ဤပန်းပေါင်းစုံဥယျာဉ်ကြီးအတွင်း၌ ပကတိ တိတ်ဆိတ်ငြိမ်သက်စွာ၊ ခမ်းနားစွာဖြင့် ကျန်ရှိခဲ့ပါပြီ။ ဤဥယျာဉ်ကြီး တည်ရှိနေသမျှ ကမ္ဘာလှည့်ခရီးသွားတို့ကိုလည်း အစဉ်အမြဲ ဖိတ်ခေါ်နေပေလိမ့်မည်။

**၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်**

ကျွန်တော်တို့ ယဉ်ကျေးမှုနှင့် ဒေသန္တရ လေ့လာရေးအဖွဲ့ တော်ဝင်ပန်းဥယျာဉ်မှ ထွက်တော့ အချိန်က နံနက် ၁၀ နာရီ ၁၁ မိနစ်ရှိပါပြီ။ ခရီးစဉ်အရ ချင်းမိုင်မြို့ ဆင်ခြေဖုံးနှင့် သိပ်မဝေးလှသော တောင်ပေါ်ဘုရား ဝပ်ဖရာဒွိုင်ခွန်း (Wat Phra That Doi Khom)သို့ ခရီးဆက်ရသည်။ သည်ဘုရားအမည်ကို စံပယ်ပန်းဘုရားဟုလည်း ခေါ်ကြောင်း ကားဆရာ ဖိလိယူက ပြောသည်။

မြန်မာအခေါ် စံပယ်ပန်းဘုရားကား ချင်းမိုင်မြို့ အနောက်ဘက် ဆင်ခြေဖုံးရှိ သာယာလှပသော တောင်တန်းပေါ်တွင် တည်ရှိသည်။ ချင်းမိုင်၏ အလှကို ထိုဘုရားကုန်းပေါ်ရှိ ဗျူးပွိုင့်မှ ခံစားကြည့်ရှုနိုင်သော နေရာတစ်ခု၊ ဘုရားဖူးများ၏ စိတ်နှလုံးကို ညို့ယူဖမ်းစားနိုင်သော ဝန်းကျင် (သို့မဟုတ်)ဘုရားကျောင်း၊ စိတ်၏ လွတ်လပ်မှု ဟင်းလင်းပြင်နှင့် အေးချမ်းသာယာသော တောတောင်ရနံ့တို့ဖြင့် ဖူးမြော်၍ မဝနိုင်ပါ။ စိတ်ထဲတွင် စွဲမြဲစွာ ထင်ကျန်ရစ်စေသော ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး(ဖူးမြော်သူတို့အတွက် ကံကောင်းခြင်းလက်ဆောင် ရရှိနိုင်သည်ဟူသော ကျော်စောဂုဏ်သတင်းကြောင့်လည်း ဖြစ်ဟန်ရှိသည်။) ဤနေရာကား ကမ္ဘာလှည့်ဘုရားဖူးသူများနှင့်မပြတ် စည်ကားလှသည့် နေရာတစ်ခုဟုလည်း ဆိုနိုင်သည်။

**'နဂါးနှစ်ကောင် စောင်းတန်း'**

သင်သည် သည်တောင်ပေါ်ဘုရားကို ဖူးရန်အတွက် ကား(သို့မဟုတ်)ဆိုင်ကယ်တစ်စီး လိုအပ်ပါသည်။ ထို့ပြင် တောင်ခြေမှ တောင်ပေါ်အထိ နဂါးနှစ်ကောင်စောင်းတန်းသွယ်ထားသော လှေကားထစ်များမှ တက်ရောက်၍ ဖူးမြော်နိုင်ပါသည်။ ထိုသို့ ဖူးမြော်ပါက စောင်းတန်း ဝဲ၊ ယာ တောတောင်အငွေ့အသက်နှင့် တောပန်း၊ တောင်ပန်းတို့၏ ရနံ့ကို ရပေလိမ့်မည်။

စာရှုသူသည် အနီးစပ်ဆုံး မန္တလေးတောင်တော် မြွေကြီးနှစ်ကောင်စောင်းတန်းကို စိတ်ကူးကြည့်ပါ။ သို့သော် မြန်မာစောင်းတန်းကဲ့သို့ အမိုးမရှိပါ။ လှေကားထစ်များကို အနီရောင်ဆေးသုတ်ထားပြီး အထစ် ၃၀၀ ခန့်ရှိမည်ဟု မှန်းဆရသည်။ စံပယ်ပန်းဘုရားကို ဖူးမြော်ရန် သွားရောက်ရသည့်ခရီးစဉ်ကား နောင်တွင် တန်ဖိုးမဖြတ်နိုင်သော ခရီးစဉ်တစ်ခုဖြစ်ကြောင်း သိလာရသည်။

**'ထိုင်တော်မူ ဗုဒ္ဓဆင်းတုတော်ကြီး'**

တောင်ပေါ်သို့ရောက်သည်နှင့် ပထမဦးစွာ ဖူးမြော်ရသည်ကား ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးဖြစ်သည်။ ရုပ်ပွားတော်ကြီးသည် မိုးပြာရောင် ကောင်းကင် ဟင်းလင်းပြင်ကြီးအောက်တွင် သပ္ပာယ်စွာ တင်ပလ္လင်ခွေ စံနေတော်မူသည်။ ဘယ်ဘက်လက်တော်ကို ညာခြေဖဝါးပေါ် လက်ဖဝါးဖြန့်ကာ တင်လျက် ညာဘက်လက်တော်၏ လက်ချောင်းတော်များကား ညာဒူးပေါ်မှတစ်ဆင့် မြေသို့ထိဟန် (ဘူမိဖဿမုဒြာ) ထုလုပ်ထားသည်။ ဇောမိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူဟန်ဖြစ်သည်။

လက်ချောင်းတော်များမှာ ညီညာ၍ တုတ်ခိုင်နေခြင်းမျိုးမဟုတ်ဘဲ ပကတိအနေအထား သွယ်ပြောင်းသည်။ ဦးခေါင်းဆံကျစ်၏ အပေါ်တွင် ရေတကောင်းပုံ အချွန်ပါရှိသည်။ နားရွက်တော်များမှာ ရှည်လျားသော်လည်း ပခုံးနှင့် မထိချေ။ မျက်နှာတော်မှာ ပြည့်ဝန်း၍ ကွေးညွတ်သော မျက်ခုံးမွေးနှစ်ခုကြားတွင် မွေရှင်တော်ခေါ်(ဥဏ္ဏာလုံ)မပါရှိချေ။ ရင်အုပ်တော်မှာ ကျယ်ပြန့်၍ ပါးလွှာသော သင်္ကန်းတော်နှင့် ဖုံးအုပ်ထားသည်။ ဤသည်မှာ ဆင်းတုတော် သမိုင်း၏ ရှေ့ပိုင်းကာလ လက်ရာဖြစ်ဟန်ရှိသည်။

မဇ္ဈိမဟန် ရောစွက်သော ဟန်နလက်ရာဟု ဆိုနိုင်သည်။ ဆင်းတုတော်၏ ဉာဏ်တော်အမြင့်မှာ ပေ ၃၀ ခန့်ဟု မှန်းဆရသည်။ ဆင်းတုတော်ကို လူတစ်ရပ်ခန့်မြင့်သော ကုန်းတော်၊ ထိုမှ ခြောက်ပေခန့်မြင့်သော ကြာပလ္လင်နှင့် ကြာပလ္လင်ပေါ်မှ ထိုင်တော်မူ ဆင်းတုတော်ကြီးကို တည်ထားခြင်းဖြစ်သည်။ ကုန်းတော်သည် ပေ ၄၀ ခန့် ကျယ်၍ ပလ္လင်ရှေ့ရင်ပြင်တော်သို့ တက်ရန် မီးခိုးရောင် ကျောက်ပြားခင်းလှေကားထစ်များ ရှိသည်။

ကြာပလ္လင်ရှေ့၌ ရပ်တော်မူ၊ ထိုင်တော်မူ၊ ကျောက်ဆင်းတု၊ မြဆင်းတု၊ ရဟန္တာရုပ်တု၊ မင်းမြှောက်တန်ဆာဆင်ထားသော ရုပ်တုများကို တွေ့ရသည်။ ထို့ပြင် ဆင်းတုတော်ကြီးရှေ့ အပိုင်း(၅)ခုပါသော ရွှေထီးတော်ကြီးကို တွေ့ရသည်။ ထီးရွက်များမှာ သဲပုံစေတီ တည်သကဲ့သို့ အပေါ်သို့ တဖြည်းဖြည်း ရှူးသွားကာ ထီးတိုင်နှင့် စိန်ဖူးတော်ပါရှိသည်။ ထီးရိပ်အောက်တွင် အထက်ဖော်ပြပါ ဆင်းတုတော်များ စံပယ်တော်မူလေသည်။

ဦးခေါင်း၌ အချွန်ပါသော အခြားတစ်မျိုးမှာ ကြာပလ္လင်ရှေ့ ညာဘက်ထောင့်ရှိ ထိုင်တော်မူ ရွှေအိုရောင်ဆင်းတုတော်ဖြစ်သည်။ ထူးခြားသည်မှာ မုခ်တံကဲတို့တွင် မွမ်းမံလေ့ရှိသော အင်္ဂတေပန်းတော့ဖြင့် ဦးခေါင်းတော်နှင့် ကိုယ်လုံးတော်ကို ဝန်းရံထားခြင်းဖြစ်သည်။

ဆင်းတုတော်ကြီးတည်ရာ ကုန်းတော်ရှေ့ တစ်ဖက်တစ်ချက်တွင် အစွယ်ပြူးပြူးနှင့် ဘီလူးကြီး နှစ်ကောင်သည် မာန်ပါပါ ရပ်လျက် အနေအထားနှင့် တင်းပုတ်ကြီးများ ကိုယ်စီကိုင်ကာ မြေ၌ ထောက်လျက် ဤဘုရားကုန်းတော်၌ ယက္ခ၊ ကုမ္ဘန်နှင့် ဘီလူးများ စောင့်ရှောက်ကြပုံကို ရည်ညွှန်းလေသလား။ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးမှာ အနီးမှ ဖူးမြော်ရလေလေ သပ္ပာယ်လေလေ၊ ဆင်းတုတော်ကြီးရှေ့ ဘီလူးရုပ်တုကြီးနှစ်ကောင်နောက်တွင် ဆင်းတုတော်ကြီးကို မျက်နှာမူထားသော ခေတ်မီ မီးဆလိုက်ကြီးနှစ်ခုကို တွေ့ရလေသည်။

သန်းစိုးအောင်

